**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၁၇**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊အောက်တိုဘာလ ၁၀ ရက်)

**အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များလျှောက်ထားနိုင်ကြောင်းကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀(ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ရယူခဲ့ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုမိန့် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအနေဖြင့် ယင်းအတည်ပြုမိန့်ရရှိသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅ ပါ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို တင်ပြလျှောက်ထားနိုင်မည် မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (ခ)၊ (ဂ)နှင့် (ဃ) ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ရရှိလိုပါက တင်ပြလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁ /၂၀၁၇ ( ၀၉၆၂ )

ရက်စွဲ၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်